**ရန်ကုန်နယ်မြေအတွင်းရှိ အကောက်ခွန်ဝန်ဆောင်မှုကုမ္ပဏီများ သက်တမ်းတိုးမြှင့်ခြင်း လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများ/ လိုအပ်သည့်အချက်အလက်များ**

ရန်ကုန်နယ်မြေအတွင်းရှိ အကောက်ခွန်ဝန်ဆောင်မှုကုမ္ပဏီ သက်တမ်းတိုးဆောင်ရွက်မည့် ကုမ္ပဏီ တစ်ခုချင်းစီ၏ အဝါကတ်ကိုင်ဆောင်သူ ကုမ္ပဏီ ဒါရိုက်တာ/ မန်နေဂျင်းဒါရိုက်တာများ ကိုယ်တိုင် အောက်ဖော်ပြပါ စာရွက်စာတမ်းများကို မူရင်းဖိုင်နှင့်အတူ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲသို့ လာရောက်လျှောက်ထားနိုင်ပါသည် -

(၁) တည်ဆဲဥပဒေ၊ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုလွှာ။

(၂) အကောက်ခွန်ဦးစီးဌာနမှသတ်မှတ်ထားသည့် လျှောက်လွှာပုံစံ(က)၊ ပုံစံ(ခ)၊ ကိုယ်ရေး အချက်အလက်ပုံစံ (ဂ)၊ လက်မှတ်နမူနာများနှင့် လက်ဗွေများပါဝင်သော ထွက်ဆိုချက် (Soft Copy/ Hard Copy)။

(၃) လုပ်ငန်းဆောင်ရွက်မည့်သူတစ်ဦးချင်းစီ၏ လိုင်စင်ဓာတ်ပုံ၊ မှတ်ပုံတင်မိတ္တူနှင့် အိမ်ထောင်စု စာရင်း မိတ္တူ။

(၄) လုပ်ငန်းဆောင်ရွက်မည့်သူတစ်ဦးချင်းစီ၏ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း ထောက်ခံချက်နှင့် ရပ်ကွက်အတွင်းအမှန်တကယ်နေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ် ရေးမှူး၏ ထောက်ခံချက်။

(၅) အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခွင့် ရာသက်ပန်ပိတ်သိမ်း စာရင်းတွင် မပါဝင် ကြောင်း MCBA/MIFFA အသင်းများ၏ ထောက်ခံချက်ဇယား။

**မှတ်ချက်။ MCBA/ MIFFA အသင်းများ၏ ထောက်ခံချက်ဇယားပေါ်တွင် ဓာတ်ပုံကပ် ရန်၊ (၆) လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံပေါ်တွင် သက်ဆိုင်ရာ အသင်းတံဆိပ် ရိုက်နှိပ်ပါရှိရမည်။**

(၆) အဝါရောင်ကတ်ကိုင်ဆောင်သူသည် ပန်းရောင်ကတ်ကိုင်ဆောင်သူများ ခန့်ထားပါက အဝါကတ် ကိုင်ဆောင်သူနှင့် ပန်းရောင်ကတ်ကိုင်ဆောင်သူ တစ်ဦးချင်းစီ၏ အမည်စာရင်းနှင့် အဖွဲ့လိုက် ဓာတ်ပုံ။

(၇) အဝါကတ်ကိုင်ဆောင်သူတစ်ဦးစီမှ သက်ဆိုင်ရာ ပန်းရောင်ကတ်ကိုင်ဆောင်သူများအား တာဝန်ယူ ကြောင်း ထောက်ခံချက်။

(၈) အဖွဲ့ဝင်အသစ်များအတွက် မည်သည့်အေဂျင်စီတွင်မှ ပါဝင်လုပ်ကိုင်ခဲ့ခြင်းမရှိကြောင်း လက်ရှိ လျှောက်ထားသော အုပ်ချုပ်သူ ဒါရိုက်တာ၏ထောက်ခံချက် (သို့မဟုတ်) ယခင် ပန်းရောင်ကတ် ကိုင်ဆောင်ခဲ့ဖူးသူများဖြစ်ပါက အခြားသောအကောက်ခွန်ဝန်ဆောင်မှုကုမ္ပဏီများတွင် လုပ်ကိုင်ခဲ့ ကြောင်း လက်ရှိအုပ်ချုပ်သူဒါရိုက်တာ၏ ထောက်ခံချက်နှင့် ယခင်ကုမ္ပဏီမှ နှုတ်ထွက်ပြီး ဖြစ်ကြောင်း ယခင်အုပ်ချုပ်သူ ဒါရိုက်တာ၏ ထောက်ခံချက်။

(၉) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)၏ အကောက်ခွန်ဝန်ဆောင်မှု ကုမ္ပဏီဖွဲ့ စည်းမှုဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများ (Company Extract)။

(၁၀) အုပ်ချုပ်သူ ဒါရိုက်တာမှ လက်မှတ်ရေးထိုးထားသော ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ၏ အမည်စာရင်း၊ အဖွဲ့ဝင်အားလုံးပါဝင်သော အဖွဲ့လိုက်ဓာတ်ပုံ (8'' x 6'') size။

**မှတ်ချက်။ ရှေ့တန်းတွင် ဒါရိုက်တာအဖွဲ့ဝင်များမှ ထိုင်လျက်အနေအထား၊ နောက်တန်းတွင် လုပ်သားများမှ မတ်တပ်ရပ်အနေအထားဖြင့်ရိုက်ရန်။ (Photoshop ဖြင့် ပြုလုပ်ပြင်ဆင်ထားသောဓာတ်ပုံများ မဖြစ်ရပါ။)**

(၁၁) ရုံးခန်းတည်ရှိရာနေရာ မှန်ကန်ကြောင်း ကာယကံရှင်၏ ဝန်ခံကတိပြုချက်နှင့် ရုံးခန်းတည်ရှိရာနေရာ၏ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်နှင့် ရုံးခန်းအတွင်းအပြင် ဓာတ်ပုံ (8'' x 6'') size ။

(၁၂) အကောက်ခွန်ဝန်ဆောင်မှုကုမ္ပဏီအလိုက် အာမခံစပေါ်ငွေ (Fixed Deposit) ပေးသွင်းထားမှု အထောက်အထား။

(၁၃) အကောက်ခွန်ဝန်ဆောင်မှုကုမ္ပဏီအလိုက် တားဆီးမှုများနှင့် စာရင်းစစ်ကန့်ကွက်ချက် (Audit Objection) များရှိပါက ဖြေရှင်းဆောင်ရွက်ပြီးကြောင်း အထောက်အထား။

(၁၄) ဒုတိယညွှန်ကြားရေးမှူး သို့မဟုတ် လက်ထောက်ညွှန်ကြားရေးမှူး၏ ရှေ့မှောက်တွင် အဝါကတ်ကိုင်ဆောင်မည့် ဒါရိုက်တာအဖွဲ့ဝင်များအား လူတွေ့စစ်ဆေး၍ ၎င်းတို့၏ ထိုးမြဲလက်မှတ်နှင့် လက်ဗွေမှတ်တမ်းပါရှိသော စစ်ဆေးချက်ကို ရယူရမည်။

(၁၅) အကောက်ခွန်ဝန်ဆောင်မှုကုမ္ပဏီမှ လာရောက်လျှောက်ထားလိုသည့် အချိန်နှင့်နေ့ရက်အား စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲသို့ လူကိုယ်တိုင် ကြိုတင်ဆက်သွယ်ပြီး အချိန်နှင့်နေ့ရက်အား တောင်းခံကာ သတ်မှတ်ရက်တွင် မပျက်မကွက် လာရောက်ဆောင်ရွက်ရမည်။

(၁၆) အကောက်ခွန်ဝန်ဆောင်မှုကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ခြင်းမရှိဘဲ ကုမ္ပဏီတစ်ခုတည်း အတွက်သာ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်မည့် အဝါရောင်ကတ် ကိုင်ဆောင်မည့်သူများ အနေဖြင့် သက်ဆိုင်ရာကုမ္ပဏီ၏ ထောက်ခံချက်နှင့် သက်ဆိုင်ရာ ကုမ္ပဏီမှလွဲ၍ အခြားကုမ္ပဏီ၊ လူပုဂ္ဂိုလ်များအတွက် ဝန်ဆောင်မှုမပြုလုပ်ကြောင်း ကတိပြုဝန်ခံချက်။ **(ဝန်ဆောင်မှုကုမ္ပဏီဖွဲ့စည်းဆောင်ရွက်မည့်သူများနှင့်မသက်ဆိုင်ပါ။)**

(၁၇) သက်ဆိုင်ရာ စာရွက်စာတမ်းများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ လုပ်သားများ၏ ကိုယ်ရေးအချက်အလက်များအားလုံးကို Portable Document Format- PDF File ဖြင့်လည်း ကောင်း၊ ဓာတ်ပုံများအား Joint Photographic Experts Group- JPEG File ဖြင့် လည်းကောင်း ရှင်းလင်းပြတ်သားသော Soft Copy ဖြင့် တင်ပြပေးရန်။